## ဆယ်နှစ်ကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲ

ဧပြီလ (၄)ရက်၊ မြဝတီမြို့

၁။ ဆယ့်နှစ်ကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၄)ရက်တွင် မြဝတီမြို့၊ သောင်ရင်းခန်းမ၌ "Kayin State: Gateway for AEC" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို Parami Energy Group of Companies မှ အဓိက PT&MM Event Ads Co., LTD မှ စီစဉ်ကျင်းပခြင်း ဖြစ်ပါသည်။

၂။ အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာခေါင်းစဉ်များနှင့် ဟောပြောဆွေးနွေးသူများ-

၁။ 'လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအလားအလာ'

**Moderator**

- ဦးအောင်မျိုးရှိန် (CSR Manager, Parami Energy Group of Comapanies)

**Panel Lists**

- ဗိုလ်မှူးကြီးအောင်လွင် (ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး)
- ဦးနိုင်မင်းစိုးသိန်း (အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)
- ဦးတင်ချို (Senior Advisor၊ Parami Energy Group of Companies)
- ဦးအောင်မြင့် (ဒု-ဥက္ကဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)
- ဒေါ်တင်တင်ထွေး(အငြိမ်းစား-ညွှန်ကြားရေးမှူး၊ National AFTA Unit )
- ဒေါက်တာဒေါ်ခင်အုန်းသန့် (အငြိမ်းစားအကြံပေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

၂။ 'မြန်မာနိုင်ငံနှင့် SME အလားအလာ'

**Moderator**

- ဒေါ်သင်းသင်းမြတ် (ဥက္ကဌ၊ မြဝတီနယ်စပ်ကုန်သည်ကြီးများအသင်း)

**Panel Lists**

- ဦးစံသိန်း (အကြီးတန်းအကြံပေး၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်)
- ဦးဇော်သန်း (အယ်ဒီတာချုပ်၊ Eco Echo Journal )

- ဒေါက်တာအိရွှေစင်ထွန်း (လက်ထောက်ညွှန်ကြားရေးမှူး၊ SME Centre ၊Central Dept. of SMEs Development)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည့်ရက်၊ နေရာနှင့် တက်ရောက်သူများ

| | | | | |
|---|---|---|---|---|
| ကျင်းပသည့်နေ့ရက် | ။ | ။ | ၂၀၁၄ ခုနှစ်၊ ဧပြီလ (၄) ရက် | |
| ကျင်းပသည့်နေရာ | ။ | ။ | သောင်ရင်းခန်းမ၊ မြဝတီမြို့ | |
| တက်ရောက်သူများ | ။ | ။ | ပြည်နယ်အစိုးရအဖွဲ့ဝင် - | ၃၂ |
| | | | လုပ်ငန်းရှင် - | ၁၂၈ |
| | | | နယ်စပ်ကုန်သည်ကြီးများအသင်းဝင်- | ၁၀ |
| | | | နိုင်ငံရေးပါတီအဖွဲ့ဝင် - | ၁၀ |
| | | | သတင်းမီဒီယာ - | ၃၀ |
| | | | စုစုပေါင်း - | ၂၁၀ |

၄။ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းက မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပြီးနောက် ပြည်တွင်းတွင် ရလဒ်ကောင်းများရရှိပြီး နိုင်ငံတကာဆက်ဆံရေး ကောင်းမွန်လာပါကြောင်း၊ အပြန်အလှန်လည်ပတ်မှုများနှင့်အတူ စီးပွားရေးအရလည်း ဆက်ဆံ မှုများ ပိုမိုတိုးတက်လာပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မဟာဗျူဟာကျသော ပထဝီဝင်အနေ အထားတွင် တည်ရှိသည့်အတွက် အေအီးစီတွင် အလွန်အရေးကြီးပါကြောင်း ပြောကြားပါသည်။

၅။ ဆရာမကြီးဒေါက်တာဒေါ်ခင်အုန်းသန်က ၁၈ ရာစုမှ စတင်ပြီး သတင်းအချက်အလက်နှင့် နည်းပညာတိုးတက်မှုများရှိလာပါကြောင်း၊ စုစုပေါင်းပြည်တွင်းထုတ်ကုန် တိုးတက်ရုံဖြင့် နိုင်ငံ တိုးတက်သည်ဟု လူအများက လက်မခံတော့ပါကြောင်း၊ ထို့ကြောင့် CSR လုပ်ငန်းများကို လုပ်ဆောင်ပြီး နိုင်ငံသားများဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်လာကြပါကြောင်း၊ ပါရမီ စွမ်းအင်လုပ်ငန်းစုအနေဖြင့်လည်း ယခုကဲ့သို့အေအီးစီအလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် CSR လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်လျှက် ရှိပါကြောင်းနှင့် ၂၀၁၅ခုနှစ် အေအီးစီဖြစ်ပေါ် လာချိန်တွင် မိမိတို့အနေဖြင့် မည်သို့ပြင်ဆင်ရမည်ကို သိရှိစေလို၍ ယခုကဲ့သို့ စီစဉ်ကျင်းပ ရခြင်းဖြစ်ပါကြောင်း ပြောကြားပါသည်။

၆။ မြဝတီကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က အေအီးစီဖြစ်ပေါ် လာချိန်တွင် မြန်မာနိုင်ငံသားများအတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများရှိလာနိုင်ပါကြောင်း၊ ပညာရေးကဏ္ဍအတွက်

မိမိတို့အသင်းအနေဖြင့် မြဝတီမြို့ရှိ ကျောင်းများတွင် ထိုင်း-မြန်မာ အဘိဓာန်များကို လိုက်လံ လှူဒါန်းလျှက်ရှိသည့်အပြင် ထိုင်းဘာသာစကားကိုလည်း သင်ကြား ပေးလျှက်ရှိပါကြောင်း ပြောကြား ပါသည်။

၇။ ဆက်လက်ပြီး လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအလားအလာ ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ Moderator ဦးအောင်မျိုးရှိန်က အေအီးစီဖြစ်ပေါ်လာသည့်အခါ လုပ်သား အင်အားစုအနေဖြင့် အင်အားကောင်းရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးယူထားသည့် တိုင်းရင်းသား အဖွဲ့အစည်းများလည်း ရှိပါကြောင်း၊ ယင်းတိုင်းရင်းသား အဖွဲ့အစည်းများ အနေဖြင့် အေအီးစီ၏ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် သွင်းအားစုများအဖြစ် မည်သို့ ပါဝင် လုပ်ဆောင်နိုင်မည်ကို သိရှိလိုပါကြောင်း ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်ကို မေးမြန်းခဲ့ပါသည်။

၈။ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်က ငြိမ်းချမ်းရေး အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်ဥပဒေနှင့် ဒိုတာဝန်အရေး (၃) ပါးတို့ကို လေးစားလိုက်နာရပါကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ရ ပါကြောင်း၊ ထို့ကြောင့် အေအီးစီ၏စိန်ခေါ်မှုများကို ဖြေရှင်းရာတွင်လည်း ၎င်းတို့အနေဖြင့် ပါဝင်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါသည်။

၉။ ရောဝတီသတင်းဌာနမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက နယ်စပ်ကုန်သွယ် ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအ ခြေအနေကိုသိလိုကြောင်း မေးမြန်းခဲ့ပါသည်။

၁၀။ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်က ယခင်က နယ်စပ်ဒေသတွင် နိုင်ငံရေးပဋိပက္ခများဖြစ်ပွားခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များကို သွေးထိုးလှုံ့ဆော်မှုများရှိပါကြောင်း၊ အကျိုးအမြတ်များကို တဖက်ကသာ ရရှိပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားအဖွဲ့အစည်းများ၏အခွင့်အရေးများကို ထည့်သွင်းပေးထား ပါကြောင်း၊ ယင်းသို့ထည့်သွင်းပေးထားမှုကိုလည်း တိုင်းရင်းသား အဖွဲ့အစည်း ခေါင်းဆောင်များအနေဖြင့် သိရှိကြပါ ကြောင်း၊ နယ်စပ်တွင်တရားဝင်လက်ကျန် ဂိတ်များ ရှိနေသေးပါကြောင်း၊ တရား ဥပဒေ စိုးမိုးရေးလမ်းကြောင်း ပေါ်ရောက်အောင် အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကုန်သည်များအနေဖြင့်လည်း ရိုးသားကြိုးစားကြရန် လိုအပ်ပါကြောင်း၊ တိုင်းပြည်ဘဏ္ဍာငွေတိုးတက်အောင် အခွန်များနှင့်ကူညီဆောင်ရွက် ပေးနိုင်ပါ ကြောင်း၊ နိုင်ငံအတွက် အများဆုံးကုန်သွယ်ရေး ဝင်ငွေရှာဖွေနိုင်မည် ဖြစ်ပါကြောင်း၊ တနေ့လျှင် ကုန်စည်စီးဆင်းမှုမှာ လွတ်လပ်မှုရှိသော်လည်း အချိန်ကိုကန့်သတ်ထားပါကြောင်း၊ နောက်ပိုင်းတွင် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း ပြောကြား ပါသည်။

၁၁။ ဒေါ်မြဖြူဖြူက မိမိအနေဖြင့် ထိုင်းနိုင်ငံမှ အထည်ပစ္စည်းများကို ဝယ်ယူရာတွင် ပြေစာ ဖြတ်ပေးခြင်းမရှိ၍ အခက်အခဲများရှိပါကြောင်း၊ ထို့အပြင် မဲဆောက်သို့ ပို့ပေးရာတွင်လည်း အာမခံချက် မရှိပါကြောင်း၊ မြဝတီသည် Gateway တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များ၏ ကုန်စည်စီးဆင်းမှုအခက်အခဲ မရှိစေရေး ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးပါသည်။

၁၂။ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်က ထိုင်းနိုင်ငံ တွင် ဆိပ်ကမ်းတစ်ခုရှိပါကြောင်း၊ ယင်းဆိပ်ကမ်းရှိ စက်မှုဇုံအတွင်း အင်တာနက်ချိတ်ဆက်ပြီး တစ်ကမ္ဘာလုံးမှ အမှာစာများကို လက်ခံပြီး ပို့ပေးနေပါကြောင်း၊ ပို့ဆောင်ရာတွင် Air Cargoနှင့်လည်း ပို့နိုင်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကုန်စည်စီးဆင်းမှုလွယ်ကူမှုရှိစေရေး အတွက် ကြိုးပမ်း လုပ်ဆောင်ပေးနေပါ ကြောင်း ပြောကြားပါသည်။

၁၃။ တက်ရောက်သူများထဲမှ ဦးအောင်စီလင်းက မြဝတီသည် တံခါးပေါက်တစ်ခုဖြစ်သည့် အတွက် မိမိတို့နိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် အလွန် အရေးကြီးသည်ဟုလည်း ထင်မြင်မိပါကြောင်း၊ နိုင်ငံခြားသားများ၏လုံခြုံရေးအတွက် အလွန် အရေးကြီးပါကြောင်း၊ သို့ရာတွင် မြဝတီ၌ တရားမဝင်ကားများ ရှိနေပါကြောင်း၊ ယင်းကားများ ကြောင့် လုံခြုံရေးအခြေအနေအပေါ် စိုးရိမ်မိပါကြောင်းနှင့် ယင်းကားများအား တရားဝင်ဖြစ် စေရေး လုပ်ဆောင်ပေးခြင်း ရှိမရှိသိလိုပါကြောင်း မေးမြန်းပါသည်။

၁၄။ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်က နိုင်ငံခြား ခရီးသွားတစ်ဦး မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်လာလျှင် မိမိတို့ဝင်ငွေတိုးပွားလာခြင်း ဖြစ်ပါ ကြောင်း၊ ၎င်းတို့၏လုံခြုံရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ကော်မတီများခွဲပြီး လုပ်ဆောင် ပေးမှုများ ရှိသော်လည်း ထိရောက်မှုမရှိသေးပါကြောင်း၊ လုံခြုံရေးအရ တရားမဝင်ကားများကို သုံးစွဲခွင့် မရှိသော်လည်း သုံးစွဲမှုများရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် ယာဉ်စည်းကမ်း ထိန်းသိမ်းရန် လိုအပ်ကြောင်းလည်း ပြောကြား ထားပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သတ်ပြီး လွှတ်တော်သို့လည်း တင်ပြထားပါကြောင်း ပြောကြားပါသည်။

၁၅။ Moderator ဦးအောင်မျိုးရှိန်က အေအီးစီဖြစ်လာချိန်တွင် သန်း ၆၀၀ ကျော်တို့၏ ဈေးကွက် ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း၊ ယင်းဈေးကွက်အတွင်း ယှဉ်ပြိုင်ရာတွင် ကြုံတွေ့ ရမည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နည်းလမ်းများကို ဒေါ်တင်တင်ထွေး အနေဖြင့် ဖြေကြားပေးစေ လိုပါကြောင်း ဖိတ်ခေါ် ဆွေးနွေးပါသည်။

၁၆။ ဒေါ်တင်တင်ထွေးက ထိုင်းနိုင်ငံတွင် အေအီးစီအလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေး များကို ကျင်းပရာတွင် အစိုးရ၏ထောက်ပံ့မှုရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခုအချိန်မှ အမီလိုက်ပြီး ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍကဲ့သို့သော ကဏ္ဍအသီးသီးတွင် အားနည်းချက်အနည်းငယ်ရှိနေသေးပါကြောင်း၊ သို့ရာတွင် တိုးတက်ဖွံ့ဖြိုး ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပြီး အေအီးစီဖြစ်ပေါ်လာချိန်တွင် စိန်ခေါ်မှု များကို ကျော်လွှားနိုင်ပြီး အခွင့်အရေးများကို ဆုပ်ကိုင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြား ပါသည်။

၁၇။ Moderator ဦးအောင်မျိုးရှိန်က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံထက်သာမသာ သိရှိလိုပါကြောင်း၊ ဦးတင်ချို့အနေဖြင့် ဆွေးနွေးပေးစေလိုပါကြောင်း ဖိတ်ခေါ် ဆွေးနွေးပါသည်။

၂၈။ ဦးတင်ရွှိုက မိမိ ၂၀၀၁ခုနှစ်၌ ကမ္ဘောဒီးယားနိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ်က မြန်မာနိုင်ငံမှ တာဝန်အရရောက်ရှိလာသောညွှန်ချုပ်တစ်ဦးက နောင် ၅နှစ်ကြာလျှင် ကမ္ဘော ဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ကျော်တက်သွားနိုင်ခြင်း ရှိမရှိ မေးမြန်းခဲ့ပါကြောင်း၊ ယင်းအချိန်ကပင် မိမိတို့နိုင်ငံထက် တိုးတက်မှုများရှိနေကြောင်း ဖြေကြားခဲ့ပါကြောင်း၊ ကမ္ဘော ဒီးယားနိုင်ငံ၏မြို့တွင်း လမ်းများမကောင်း သော်လည်း မြို့ပြင် လမ်းများမှာ အာရှဖွံ့ဖြိုးမှု ဘဏ်၏အကူအညီဖြင့် ပြုပြင်ထား၍ ကောင်းမွန်ပါကြောင်း၊ နောက်ပိုင်းတွင် မြို့တွင်းလမ်းများ ပါပြင်သစ်၊ ဂျပန်နှင့်အေဒီဘီတို့၏ ကူညီမှုဖြင့် တိုးတက်ကောင်းမွန်လာ ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြည့်ပြည့် ဆိုင်ရာ အဖွဲ့အစည်းများနှင့်သာမက နိုင်ငံတကာ နှင့်ဆက်ဆံရေး ကောင်းမွန်ပြေပြစ် အောင်ပြုလုပ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ တိုးတက်မှုများ ရရှိလာမည် ဖြစ်ပါကြောင်း ပြောကြားပါသည်။

၁၉။ Moderator ဦးအောင်မျိုးရှိန်က အရှေ့အနောက် စီးပွားရေးစင်္ကြံနှင့်လမ်းမကြီးနှင့် တဆက်တည်း ပြောင်းလဲလာမည့်အလားအလာကို သိရှိလိုပါကြောင်း၊ ဦးအောင်မြင့်အနေဖြင့် ဖြေကြားပေးစေလိုပါကြောင်း ဖိတ်ခေါ် ဆွေးနွေးပါသည်။

၂၀။ ဦးအောင်မြင့်က စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စီးပွားရေးသမားများနှင့် လုပ်ငန်းများ ဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကောင်းကျိုးများများရရှိပြီး ဆိုးကျိုး နည်းစေရေးအရေးကြီး ပါကြောင်း၊ မြန်မာကုန်သည်များအားလုံးသည်နယ်စပ်သို့ သွားလာနေ ကြပါကြောင်း၊ လမ်းများဖောက်လုပ်ဖြူလျှင် မိမိတို့အနေဖြင့် တိုးတက်မှုများရရှိမည်ဖြစ်ပါကြောင်း၊ ကော့ကရိတ်မှ အိမ်ဒု-ဖားအံအထိ လမ်းများကောင်းမွန် လာမည် ဖြစ်ပါကြောင်း၊ လမ်းအင်္ဂါရပ် များကို သတ်မှတ်ပေးထားသော်လည်း လမ်းအင်္ဂါရပ်များမှာ နိမ့်ကျနေသေးပါကြောင်း၊ မိမိတို့ကိုယ်တိုင်မလုပ်နိုင်လျှင် ချေးငွေဖြင့် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လူအများ၏ Mindset ကိုလည်း ပြောင်းလဲရန်လိုအပ်ပါကြောင်း၊ အားလုံးအနေဖြင့် စည်းမျဉ်း စည်းကမ်းများကိုလည်း လိုက်နာကြရ မည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

၂၁။ Moderator ဦးအောင်မျိုးရှိန်က ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းရန် JICA နှင့် အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ်တို့မှ အကူအညီများပေးနေပါကြောင်း၊ အကူ အညီများရရှိရေးအတွက် ကရင်ပြည်နယ်အနေဖြင့် လုပ်ဆောင်နေသည့်အချက်များကို စီမံစီးပွားဝန်ကြီး ဦးနိုင်မင်းစိုးသိန်းအနေဖြင့် ဆွေးနွေးပေးစေလိုပါကြောင်း ဖိတ်ခေါ် ပါသည်။

၂၂။ စီမံစီးပွားဝန်ကြီး ဦးနိုင်မင်းစိုးသိန်းက ကရင်ပြည်နယ်ရှိ လမ်းများကောင်းမွန်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေအပြင် နိုင်ငံတကာငွေကြေးများနှင့် ဆောင်ရွက်မှုများရှိပါကြောင်း၊ ကရင် ပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေးအားနည်းပါကြောင်း၊ အေအီးစီဖြစ်ပေါ် လာချိန်တွင် စီးပွားရေး လုပ်ငန်းရှင်များအတွက် အခက်အခဲများဖြစ်လာနိုင်ပါကြောင်း၊ ထို့အပြင် လူအများ၏ Mindset ကိုလည်း ပြောင်းလဲရန်လိုအပ်ပါကြောင်း၊ သယ်ယူပို့ဆောင်ရေးရာတွင် ကုန်စည် များကို ပိုမိုတင်ပို့မှုများ ရှိနေပါကြောင်း၊ အစိုးရတစ်ဖွဲ့တည်းလုပ်ဆောင်၍

မရပါကြောင်း၊ ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုသည်လည်းအရေးကြီးပါကြောင်း၊ အစိုးရနှင့် ပြည်သူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ၂၀၁၅တွင်အခြားအာဆီယံနိုင်ငံများနှင့် တန်းတူဆောင်ရွက်နိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါကြောင်း ပြောကြားပါသည်။

၂၃။ မြဝတီခရိုင်ဥက္ကဋ္ဌ ဦးစိန်ကိုက မြဝတီဖားအံအထိလမ်းများမှာ အဆင့်နိမ့်ကျနေပါကြောင်း၊ လမ်းနှင့် အခြေခံအဆောက်အအုံများမှာ နိမ့်ကျနေပါကြောင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး ကဏ္ဍတွင် ထိုင်းနိုင်ငံကို အားကိုးနေရပါကြောင်း၊ လမ်းများစံချိန်စံနှုန်းညီမျှရေး မည်သို့ လုပ်ဆောင်နေသည်ကို မိမိအနေဖြင့် သိရှိလိုပါကြောင်း မေးမြန်းပါသည်။

၂၄။ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်က လမ်းများမှာ အရေးကြီးပါကြောင်း၊ လမ်းများကောင်းမွန်ရေးအတွက် နိုင်ငံတော်မှ သုံးစွဲရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ချပေးသည့်ငွေကြေး၊ နိုင်ငံတကာငွေကြေးများဖြင့် အကောင်အထည် ဖော်ရပါကြောင်း၊ စီမံကိန်းရေးဆွဲပြီးလွှတ်တော်သို့ တင်ပြရပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော် ဘတ်ဂျက်များကို စီမံခန့်ခွဲပြီး နိုင်ငံတော်အကျိုးအတွက် သုံးစွဲရန် ကြိုးစားလျှက် ရှိပါကြောင်း ပြန်လည်ဖြေကြား ပါသည်။

၂၅။ ဆက်လက်ပြီး မြန်မာနိုင်ငံ၏ SME အလားအလာခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ Moderator ဒေါ်သင်းသင်းမြတ်က ထိုင်းနိုင်ငံရှိ ဘဏ်များအနေဖြင့် အတိုးနှုန်း ၁.၂၅ ရာခိုင်နှုန်းဖြင့် ချေးပါကြောင်း၊ မြန်မာနိုင်ငံရှိဘဏ်များမှာ ၁၃ ရာခိုင်နှုန်းဖြင့် ချေးပါကြောင်း၊ ထိုင်းလုပ်ငန်းရှင် တစ်ဦးမှ ထိုင်းနိုင်ငံမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူပြီး မြန်မာနိုင်ငံတွင် တရားမဝင် ချေးငွေ လုပ်ငန်းများ လုပ်ဆောင်လျှင် လုပ်ဆောင်နိုင်ခြင်းရှိမရှိ မေးမြန်းပါသည်။

၂၆။ ဦးစံသိန်းက ထိုင်းနိုင်ငံတွင် အတိုးနှုန်းနည်းပါကြောင်း၊ မြန်မာနိုင်ငံရှိဘဏ်များတွင် အပ်နှံလျှင် ၈.၅ရာခိုင်နှုန်းရရှိနိုင်ပါကြောင်း၊ နိုင်ငံခြားသားများအားလက်မခံပါကြောင်း၊ မြန်မာ လူမျိုး နာမည်ဖြင့် အပ်နှံမှုများရှိနိုင်ပါကြောင်း၊ သို့သော်လည်းနည်းပါးမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အတိုးနှုန်းပေးအပ်ရာတွင် ငွေကြေးဖောင်းပွမှုကိုကြည့်၍ သတ်မှတ်ပေးရပါ ကြောင်း၊ အခြားနိုင်ငံများတွင် ငွေကြေးဖောင်းပွမှု နည်း၍ အတိုးနှုန်းနည်းခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ကြိုးပမ်းနေဆဲပင်ဖြစ်ပါကြောင်း ပြောကြားပါသည်။

၂၇။ ဒေါ်သင်းသင်းမြတ်က မြန်မာနိုင်ငံရှိဘဏ်များအနေဖြင့် အတိုးနှုန်းနည်းနည်းဖြင့် လုပ်ငန်းရှင်များအား Proposal တင်ရုံဖြင့် ငွေချေးပေးနိုင်ခြင်းရှိမရှိ၊ လုပ်ငန်းရှင်များ တိုးတက် ရေးအတွက် ဘဏ်လုပ်ငန်းများဘက်မှမည်သို့ စီစဉ်ပေးနိုင်မည်ကိုလည်းသိရှိလိုပါကြောင်း မေးမြန်းပါသည်။

၂၈။ ဦးစံသိန်းက ဘဏ်များ၏ကန့်သတ်ချက်များမှာ ယခုအထိ ရှိနေဆဲဖြစ်ပါကြောင်း၊ ယခုအခါ SMEs ဥပဒေမူကြမ်း ထွက်ရှိလာပြီဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းလုပ်နေသည့် SMEs များသာမက

အသစ်များကိုလည်း ထုတ်ချေးရန်အလားအလာရှိပါကြောင်း၊ သို့ရာတွင် လုပ်ငန်း များမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိရန်၊ တန်ဖိုးမြင့်ကုန်စည်ဖြစ်ရန်နှင့် ပတ်ဝန်းကျင် မထိခိုက်သည့် လုပ်ငန်းများ ဖြစ်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားပါသည်။

၂၉။ ဒေါ်သင်းသင်းမြတ်ကဗီယက်နမ်နိုင်ငံတွင် SMEs များအဘယ်ကြောင့် တိုးတက်လာသည်ကို သိလိုပါကြောင်း ဦးရော့ရှ်စိုးဝင်းအားမေးမြန်းပါသည်။

၃၀။ ဒေါက်တာ ရော့ရှ်စိုးဝင်းက ဗီယက်နမ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ထူးခြားချက်မှာ ဘဏ် လုပ်ငန်း ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားပါသည်။

၃၁။ ဒေါ်သင်းသင်းမြတ်က အေအီးစီဖြစ်ပေါ်လာချိန်တွင် နိုင်ငံခြားသားများအနေဖြင့် မြန်မာ လူမျိုးများ၏ နာမည်ခံပြီး လုပ်ကိုင်လာလျှင် မြန်မာနိုင်ငံသားများအတွက် ထိခိုက်မှုများ ရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ဘဏ်များအနေဖြင့် မည်သို့ယင်းသို့လုပ်ကိုင်ခြင်းရှိမရှိ မည်သို့သိရှိနိုင် ပါကြောင်း မေးမြန်းပါသည်။

၃၂။ ဦးစံသိန်းက နာမည်ခံသည့်ကိစ္စနှင့် ပတ်သက်ပြီး ဘဏ်မှ ဆောင်ရွက်မပေးနိုင်ပါကြောင်း၊ သတ်မှတ် ထားသည့် ပမာဏထက်များနေလျှင်သက်ဆိုင်ရာသို့ သတင်းပို့ပြီးစုံစမ်းစစ် ဆေးစေပါကြောင်း ပြန်လည် ဖြေကြား ပါသည်။

၃၃။ ဒေါ်သင်းသင်းမြတ်က SMEs နှင့်ပတ်သက်ပြီး Eco Echo Journal မှ ဦးဇော်သန်း၏ အမြင်အား သိရှိလိုပါကြောင်း ဖိတ်ခေါ်ဆွေးနွေးပါသည်။

၃၄။ ဦးဇော်သန်းက ဘဏ်ချေးငွေပေးရာတွင် အတိုးနှုန်း၏ဖိစီးမှုဖြင့် လုပ်ငန်းများမှာ သံသရာ လည်နေပါကြောင်း၊ ၂၀၁၅ တွင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး ထုတ်ကုန် ပစ္စည်းအဖြစ် ကျွန်းပင်များကို ပြသပြီး ငွေချေးနိုင်စေရေး ဆောင်ရွက်ပေးစေလို ပါကြောင်း ၊ ဆိုင်ရာပညာရှင်မှ ဖြေကြားပေးစေလိုပါကြောင်း ပြောကြားပါသည်။

၃၅။ ဒေါက်တာရော့ရှ်စိုးဝင်းက စိုက်ပျိုးရေးဌာနမှ ငွေချေးပေးမှုများရှိပါကြောင်း၊ ၁၀ ဘီလီယံ အထိ ထုတ်ချေးပေးပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးနေသော မြန်ဂုဏ်မြင့် ကုမ္ပဏီကို ထုတ်ချေးနေပါကြောင်း၊ ပုဂ္ဂလိက ဘဏ် ၂၂ ဘဏ်ရှိပြီးအပ်ငွေများမှာ နည်းနေပါ ကြောင်း ပြန်လည် ပြောကြားပါသည်။

၃၆။ ဒေါ်သင်းသင်းမြတ်က SMEs Development Center နှင့် ပတ်သက်ပြီး ပြောကြား ပေးစေလိုပါကြောင်း ဒေါက်တာ အိရွှေစင်ထွန်းအား ဖိတ်ခေါ်ဆွေးနွေးပါသည်။

၃၇။ ဒေါက်တာအိရွှေစင်ထွန်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် SMEs တိုးတက်ရန် အရေးကြီး ပါကြောင်း၊ နိုင်ငံ့ခေါင်းဆောင်များအနေဖြင့်လည်း ယင်းအချက်ကို သိရှိနားလည် လာပါကြောင်း၊ ထို့ကြောင့် ၂၀၁၂

ခုနှစ်တွင် SMEs Development Center ကို တည်ထောင် ခဲ့ပြီး စက်မှုဝန်ကြီး ဌာနအောက်တွင် ထားရှိပါကြောင်း၊ ယင်းအချိန်တွင် ဝန်ထမ်း ၃၈ ဦးရှိပါ ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် နိုင်ငံတော်ဒုတိယ သမ္မတဦးညွှန့်ထွန်းမှ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် ၄၀ ဦးပါဝင်ပါကြောင်း၊ ဌာနဆိုင်ရာအသီးသီးဖြင့် Working Group များ ဖွဲ့စည်းခဲ့ ပါကြောင်း၊ JICAနှင့် ပူးပေါင်းဆောင်ရွက်ပါကြောင်း၊ SMEs Development Center မှာ သက်တမ်း ၂ နှစ်သာရှိသေးပြီး ဝန်ထမ်း ၃၈ ဦးသာ ရှိပါကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်း များကိုလည်း ဖိတ်ခေါ်ပြီး ဆောင်ရွက်နေပါကြောင်း၊ ဝန်ထမ်း ၄၀၀ အထိ တိုးချဲ့မည်ဖြစ် ပါကြောင်း၊ ကရင်ပြည်နယ်တွင်လည်း ရှိလာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားပါသည်။

၃၈။ တက်ရောက်လာသူများထဲမှ ဦးဟိန်းဇော်မှ SMEs ဥပဒေမည်သည့်အချိန်ထွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းပါသည်။

၃၉။ ဒေါက်တာအိရွှေစင်ထွန်းက ၂၀၁၂ ခုနှစ် နိုဝင်ဘာလကတည်းက မိမိတို့အနေဖြင့် တင်ပြ ထားပြီး လွှတ်တော်တွင်ဆွေးနွေးနေပြီဖြစ်ပါကြောင်း၊ ၂၁-၁-၂၀၁၄ ခုနှစ်တွင် ပြည်သူများ လေ့လာ နိုင်စေရေးအတွက် သတင်းစာများတွင် ဖော်ပြခဲ့ပါကြောင်း ပြန်လည်ဖြေကြားပါသည်။

၄၀။ ဒေါ်သင်းသင်းမြတ်က ဒေါ်မြဖွေးဖွေးအား SMEs အပေါ်အမြင်ကို သိရှိလိုပါကြောင်း ဖိတ်ခေါ်ဆွေးနွေးပါသည်။

၄၁။ ဒေါ်မြဖွေးဖွေးက အေအီးစီဝင်ရောက်လာလျှင် စီးပွားရေးလုပ်ငန်းငယ်များ အခက်အခဲ တွေ့လာနိုင်ပါကြောင်း၊ မိမိအနေဖြင့် စိန်ခေါ်မှုများကို အခွင့်အရေးအဖြစ်သာ ရှုမြင်လိုပါ ကြောင်း၊ လုပ်ငန်းတူများ စုပေါင်းပြီး ကြိုးပမ်းဖြေရှင်းသင့်ပါကြောင်း၊ ယင်းသို့လုပ်ဆောင် ခြင်းဖြင့် SMEs လုပ်ငန်းရှင်များအနေဖြင့် စိန်ခေါ်မှုအားလုံးကို ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပါသည်။

၄၂။ ဦးအောင်စိုးလင်းက ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် တူညီသောလုပ်ငန်းများ စုစည်းပြီး လုပ်ဆောင်နိုင်သော်လည်း စက်ရုံလုပ်ငန်းများအနေဖြင့် အဆင်မပြေပါကြောင်း၊ နိုင်ငံခြားမှ နည်းပညာကောင်းကောင်းနှင့် ဝင်လာချိန်တွင် မိမိတို့တွင် အခက်အခဲရှိနေနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံခြားနှင့်ပူးပေါင်းဆောင်ရွက်ရမည်လား၊ လုပ်ငန်းများပိတ်ပစ်ရ မည်လား ဝေခွဲမရဖြစ်နေပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မည်သို့လုပ်ဆောင်ရမည်ကို အကြံပြုပေးစေလိုပါ ကြောင်း ပြောကြားပါသည်။

၄၃။ ဒေါ်မြဖွေးဖွေးက ပြည်တွင်းလုပ်ငန်းရှင်နှင့် နိုင်ငံခြားကုမ္ပဏီများ ချိတ်ဆက်ပေးရန် ကုန်သည်ကြီးများအသင်းကို အားကိုးနိုင်ပါကြောင်း ပြောကြားပါသည်။

၄၄။ ထို့နောက် သဘာပတိ ဦးတင်ချိုက မြဝတီမြို့တွင် ယခုကဲ့သို့ လာရောက်ပြီး ဆွေးနွေး ပွဲများ ကျင်းပခွင့်ရသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ် အတွင်း ဆွေးနွေးပွဲ (၄)

ကြိမ်ကျင်းပရန် ရည်ရွယ်ထားပါကြောင်း၊ မုံရွာ(သို့မဟုတ်)ပခုက္ကူနှင့် ပုသိမ်မြို့များတွင် ကျင်းပရန် ရည်ရွယ်ထားပါကြောင်း၊ နိုဝင်ဘာလတွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရန်လည်း ရည်ရွယ်ထားပါကြောင်းနှင့် မိမိတို့အနေဖြင့် ယခုကဲ့သို့ မြဝတီမြို့တွင် အေအီးစီအလုပ်ရုံ ဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပေးသည့် မြဝတီ ကုန်သည်ကြီးများအသင်းကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး အလုပ်ရုံ ဆွေးနွေးပွဲကိုအောင်မြင်စွာရုတ်သိမ်းလိုက်ပါသည်။